ANSWER LINE

# သုံးပြီးသား PC တစ်ခုရခဲ့ပေမယ့် admin password မသိလို့ ကူညီပါဦး

Password နဲ့ protect လုပ်ထားတဲ့ admin account ကိုနည်းပေါင်းစုံနဲ့ access လုပ်နိုင်ပါတယ်။ တစ်ခုကတော့ မြန်ပြီးလွယ်ကူပေမယ့် XP မှာပဲ အလုပ်လုပ်ပါတယ်။ ဒီသုံးပြီးသား PC ဟာ Vista ၊ ဒါမှမဟုတ် Wndows 7 သာ run ထားတယ်ဆိုရင်တော့ အောက်က စာ ၂ ပိုဒ်ကို ကျော်ဖတ်လိုက်ပါ။

အရင်ပိုင်ရှင်က administrator control ကို တင်ဖို့ XP ရဲ့ backdoor ကို ပိတ်ဖို့ မသိခဲ့ဘူးဆိုရင် လာမယ့် အချက်တွေက အလုပ်လုပ်ပေးပါလိမ့်မယ်။




Windows 7 နဲ့ Vista မှာ password နဲ့ ကာကွယ်ထားတဲ့ administrator account ထဲကို ဝင်နိုင်ဖို့အတွက် Ubuntur ကို သုံးလို့ရပေမယ့် လမ်းညွှန်ချက်တွေအတိုင်းကိုတော့ ဂရုတစိုက် လိုက်လုပ်ရမှာပါ။

ပထမဆုံး Safe Mode နဲ့ boot တက်လိုက်ပါ။ PC ကို စဖွင့်ပါ။ Windows logo ပေါ်မလာခင်မှာ F5 ကို နှိပ်ပေးပါ။ Boot menu မှာ Safe Mode ကို ရွေးချယ်ပါ။ Log-on screen မှာအရင်မတွေ့ဖူးတဲ့ user ကို ပြပေးပါလိမ့်မယ်။ Administrator လို့ ပေါ်နေမှာဖြစ်ပြီး password မရှိပါဘူး။ Windows စနစ်ကို ဝင်ရောက်ဖို့ administrator level အဆင့်ရှိတဲ့ user ဖြစ်ပါတယ်။ Password ပြောင်းဖို့အတွက် Control Panel ရဲ့ User Account ကို သုံးနိုင်ပါတယ်။ Vista နဲ့ Windows 7 သုံးတယ်ဆိုရင်တော့ Ubuntu Linux နဲ့ admin password ကို ဖယ်ရှားနိုင်ပါတယ်။

*Find.pcworld.com/71065* ကနေ Ubuntu version ကို download ယူပါ။ Download ရထားတဲ့ ISO file ကို click ၂ချက် လုပ်ပါ။ Windows မှာ Ubuntu CD ကို run ပေးဖို့ program တစ်ခု တက်လာပါလိမ့်မယ်။ မတက်ဘူးဆိုရင်တော့ ISO Recorder ကို download လုပ်ပြီး install လုပ်ပါ။ *(Find.pcworld.com/71065 )*

CD ကို ပြန်ထုတ်ပြီး မေးလာတဲ့အခါမှာ Try Ubuntu button ကို click လုပ်ပါ။ Software ကို install လုပ်ပါ။ Screen ရဲ့ ညာဘက်ထိပ် ထောင့်မှာရှိတဲ့ menu တွေကနေ System>>Administration>>Software Source တွေကို ရွေးချယ်ပါ။

Check မလုပ်ထားတဲ့ option ၂ခုကို check လုပ်ပါ။ Community-maintained Open Source Software (universe) နဲ့ Software Restricted by copyright or legal issues (multiverse) တို့ ဖြစ်ပါတယ်။ Close ကိုရွေးပြီး Reload လုပ်ပါ။ Process လုပ်ပြီးသွားရင် System>>Administration>>Synaptic Package Manager ကို ညာဘက် အပေါ်ထောင့်မှာရှိတဲ့ menu ကနေ ရွေးချယ်ပါ။

ထွက်လာတဲ့ Windows ရဲ့ search field ထဲမှာ 'chntpw' ဆိုပြီး ရိုက်ထည့်ပါ။ အဲဒီနာမည်နဲ့ program တစ်ခုဟာ package list ထဲမှာ ပေါ်လာ ပါမယ်။ အဲဒါကို click လုပ်ပြီး၊ Mark for installation ၊ ကို ရွေးချယ်ပါ။ Apply toolbar icon ကို click လုပ်ပါ။ Apply ကို click လုပ်ပါ။ Installation ပြီးဆုံးတဲ့အထိ စောင့်ပေးပါ။ အခုဆိုရင် drive တစ်ခုတက်လာပြီ ဖြစ်ပါတယ်။ Top menu ကနေ Place ကို ရွေးချယ်ပါ။ အဲဒီနောက် internal hard drive ဒါမှမဟုတ် Windows partition ကို ရွေးပါ။ Windows Explorer လိုပုံစံမျိုးနဲ့ File Browser Window ပေါ်လာပါလိမ့် မယ်။

Windows drive ရဲ့ Windows/System32/config folder ကို သွားဖို့ folder icon တွေကို double click လုပ်ပါ။ Windows ကို ဒီအတိုင်းထားပြီး ပေါ်လာတဲ့ top menu ကနေ Application >>Accessories>>Terminal ကို ရွေးချယ်ပါ။ Windows ၂ခုကို Terminal window ရဲ့ အနောက်မှာ File Browser window ရဲ့ top section မြင်ရအောင်စီပါ။ Terminal command line

window မှာ cd /media ဆိုပြီး ရိုက်ထည့်ပါ။ (cd အနောက်မှာ space တစ်ခုပါတာ သတိ ပြုပါ။)

ပြီးတော့ config folder အတွက် path ကိုထည့်ပါ။ Guide ထဲမှာပါတဲ့ folder name ကို သုံးပါ။ Ubuntu ရဲ့ Terminal က စာလုံးအကြီးအသေး သတိထားဖို့ လိုပါတယ်။ အဲဒီနောက် enter ကို နှိပ်ပါ။ 'sudo chntpw-u logon SAM' လို့ ရိုက်ထည့်ပါ။ 'Logon' ဆိုတာက administrator account အတွက် log-on nameဖြစ်ပါတယ်။ Enter ကို နှိပ်ပါ။ ထွက်လာတဲ့ စာရဲ့အဆုံးမှာ "---User Edit Menu" နဲ့ စပါလိမ့်မယ်။ '1' ကို ရိုက်ထည့်ပြီး enter လုပ်ပါ။ မေးခွန်းမေးလာရင် Y ကိုနှိပ်ပါ။

Program ပြီးသွားတဲ့အခါမှာ အပေါ်ညာဘက် ထောင့်မှာရှိတဲ့ power button logo ကို နှိပ်ပါ။ Window ကို reboot လုပ်ပါ။ ဒီ account ဟာ နောက်ထပ် password ရှိတော့မှာ မဟုတ်ပါဘူး။

စောကလျာအေး

# ပြည်တွင်းကဆိုင်တွေအတွက် ထောက်ခံချက်၊ အကြံပြုချက်တွေပေးနိုင်မယ့် Bizzy

ကုမ္ပဏီတချို့က ကိုယ့်ကို ဘယ်နေရာမှာ စားသောက်နိုင်တယ်ဆိုတာ ပြောပြနိုင်တဲ့ ဝန်ဆောင်မှုလုပ်ငန်းအတွက် ယှဉ်ပြိုင်နေကြပါတယ်။ သူတို့ထဲက တစ်ခုကတော့ ကိုယ်သွားရောက်ခဲ့ဖူးတဲ့ နေရာတွေကို ကိုယ်ပေးထားတဲ့ အဆင့်တွေပေါ် မူတည်ပြီး ဒေသဆိုင်ရာ လုပ်ငန်းတွေကို အကြံပြုပေးတဲ့ ဝန်ဆောင်မှုတစ်ခုကို မကြာသေးမီက စတင်ခဲ့တဲ့ Google ပဲဖြစ်ပါတယ်။ Bizzy က အနည်းငယ် ကွဲလွဲမှုရှိတဲ့ နည်းလမ်းနဲ့ ချဉ်းကပ်ထားပါတယ်။ ကိုယ်က ကိုယ်နှစ်သက်တဲ့ မနက်စာစားတဲ့နေရာ၊ dive bar ၊ ဒါမှမဟုတ် hair salon တွေကို မြှင့်မိတဲ့ မေးခွန်း၂၀ကို ဖြေကြားရပါမယ်။ Bizzy က ကိုယ့်ရဲ့အချက်အလက်တွေကို ထည့်သွင်းပြီး ကိုယ့်အကြိုက်တွေကို စမ်းသပ်ခဲ့တဲ့သူတွေကိုရှာပြီး သူတို့နှစ်သက်တဲ့ ထိပ်တန်းတွေကို ရွေးချယ်ပေးမှာပါ။ *(bizzy.com)*




Bizzy ကကိုယ်နှစ်သက်တဲ့ ကဖေးတွေနဲ့ စတိုးတွေကို မေးပြီးကိုယ်နဲ့ အကြိုက်တူတဲ့ သူတွေထဲက အရာတွေကို ကိုယ့်အတွက် ညွှန်းပါလိမ့်မယ်။

## Share လုပ်ခြင်းကို ထိန်းချုပ်ပေးမယ့် DooID

ကိုယ့်ရဲ့ contact information တွေကို တစ်စုံတစ်ယောက်ကို ပေးထားခဲ့ရင် သူတို့ဆီက ဆက်သွယ်မှုကိုပြန်လိုချင်မှာပါ။ ဒါပေမဲ့ ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်တွေက အိမ် phoneနံပါတ်ကို သိနိုင်ပေမယ့် ကိုယ့်ရဲ့ ဖောက်သည်အသစ်ကတော့ သိနိုင်မှာ မဟုတ်ပါဘူး။




DooID ကိုသုံးပြီး ကိုယ်က social network ဆက်သွယ်မှုတွေနဲ့ contact information တွေပါတဲ့ online business card တစ်ခု ဖန်တီးနိုင်ပါတယ်။

DooID က ဒီလိုကွဲပြားခြားနားတဲ့ sharing ကို ပြုလုပ်ပေးနိုင်ပါတယ်။ ကိုယ်က phoneနံပါတ်တွေနဲ့ email လိပ်စာတွေ၊ AIM ၊ Facebook ၊ Twitter နဲ့ အခြားလူမှုရေး ကွန်ရက်တွေ ပါဝင်တဲ့ profile တစ်ခုကို ပြုလုပ်နိုင်ပါတယ်။ ပြီးတော့ ဘယ်အပိုင်းတွေ လူထုကိုပြသမယ်၊ ဘယ်အပိုင်းကို ကိုယ်ရေးကိုယ်တာ ထားမယ်ဆိုတာကို ဆုံးဖြတ်ပြီး လူတွေကို အဲဒီ web address တစ်ခု၊ ဒါမှမဟုတ် virtual business card ၊ ဒါမှမဟုတ် QR codeကိုသုံးပြီး share လုပ်လို့ရပါတယ်။

အောင်မြင့်နိုင်